**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (နိုဝင်ဘာလ ၂၄ရက်၊ ၂၀၂၀)**

**နေရာ။ ။ Onlline Zoom Meeting**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၁၆)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (**၁၆**) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ဒေါ်သီရိမေကျော် (MIMU) က နှုတ်ခွန်းဆက်စကား ပြောကြား ပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

| **Discussion Point** |
|---|
| • **<u>Eazy Yay</u>**<br><br>• သောက်ရေသန့်ကို အွန်လိုင်းမှတဆင့် မှာယူနိုင်အောင် ချိတ်ဆက်ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီဖြစ်ကြောင်း၊ တဖက်ကလည်း CSR ကဲ့သို့သော ရေသန့်လှူဒါန်းသည့် လုပ်ငန်းကို လုပ်ဆောင်နေကြောင်း၊ လူမှုရေးအသင်းအဖွဲ့များက ကျင်းပသည့် အခမ်းအနားများ၊ လှုပ်ရှားဆောင်ရွက်များတွင် ရေသန့်လှူဒါန်းကြောင်း၊ အသင်းအဖွဲ့ရုံးများအတွက် သောက်ရေသန့်များကိုလည်း လှူဒါန်းပါကြောင်း၊ ဒီက အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လိုအပ်သည့်နေရာများကို ချိတ်ဆက်လှူဒါန်းသွားလိုကြောင်း၊ ရေသန့်မှာယူနိုင်သည့် Eazy Yay software ကိုလည်း Play Store တွင် Download ရယူနိုင်ကြောင်း၊ IOS အတွက်လည်း ဒီဇင်ဘာလထဲတွင် ရမှာဖြစ်ကြောင်း ဦးအောင်ဇေယျက ရှင်းပြခဲ့သည်။<br><br>• https://play.google.com/store/apps/details?id=sg.com.ezyyay.buyer&hl=en&gl=US<br><br>• ဆက်သွယ်ရန်- 09 7676 7979 7 |
| • **<u>MNNCA</u>**<br><br>• နိုဝင်ဘာလ မတိုင်မီကတည်းက  Christian Aid ၏ ပံ့ပိုးမှုဖြင့် Quarantine Center များကို ထောက်ပံ့ပေးခြင်းတို့ကို ပြုလုပ်နေကြောင်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကျောက်တန်း၊ သန်လျင် တို့ရှိ စင်တာများကို ပံ့ပိုးပေးခဲ့ကြောင်း၊ ဆက်လက်၍ Fever Clinic  များကိုထောက်ပံ့ပေးနိုင်ရန်နှင့် Q စင်တာများအတွက် အစားအသောက်များ ပံ့ပိုးပေးခြင်းတို့အတွက် ညှိနှိုင်းနေကြောင်း ဦးဖြိုးလှိုင်ဘွားက တင်ပြခဲ့သည်။ |
| • **<u>GLAD</u>**<br><br>• အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ရက်တာလှုပ်ရှားမှုကို စော်ဘွားကြီးကုန်းနှင့် အင်းစိန်ပန်းခြံတဝိုက်တွင် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ပြုလုပ်သွားမှာဖြစ်ကြောင်း၊ GLAD, MNN, KWEG, Triangle Women, Insein Women Club, လူမှုဝန်ထမ်း၊ ပြန်ဆက်တို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ပူးပေါင်းပါဝင်လိုသော အဖွဲ့အစည်းများအား ဖိတ်ခေါ်ပါကြောင်း GLAD အဖွဲ့ကိုယ်စား ဦးဖြိုးလှိုင်ဘွားက တင်ပြခဲ့သည်။ |
| • **<u>MIMU</u>**<br><br>• မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေး Info Graphic ကို MIMU Website တွင် တင်ထားပြီးဖြစ်ကြောင်း၊ အင်္ဂလိပ်နှင့် မြန်မာ ၂ဘာသာဖြင့် Download ရယူနိုင်ကြောင်း၊ ဝန်ကြီးဌာနများကို ဆက်သွယ်ရန် Contact Listကိုလည်း အပြောင်းအလဲရှိသည့်အတွက် Update လုပ်ထားပါကြောင်း၊<br><br>• MIMU Orientation Workshop  ကို ဒီဇင်ဘာလ ၁ရက်နေ့၊ မွန်းလွဲ ၂နာရီတွင် ပြုလုပ်သွားမှာဖြစ်ကြောင်း<br><br>• MIMU Orientation Workshop ကို Bi-Weekly meeting နှင့်လည်း မတိုက်စေရန် တပတ်ခြား အင်္ဂါနေ့တိုင်းတွင် ပြုလုပ်သွားမှာဖြစ်ကြောင်း၊ |

| |
|---|
| အစည်းအဝေးတက်ရောက်သည့်အဖွဲ့အစည်းများ တက်ရောက်ရတာ အဆင်ပြေစေရန် ရည်ရွယ်ကြောင်း ဒေါ်သီရိမေကျော်က ပြောကြားခဲ့သည်။<br><br>• https://themimu.info/sites/themimu.info/files/documents/MIMU_Government_Listing_20Nov2020.xlsx |
| • **ASDA**<br><br>• အသောကအဖွဲ့အနေဖြင့် ပညာရေးနှင့် ပတ်သက်သော စီမံချက်တခုကို လုပ်ဆောင်နေကြောင်း၊ ပညာရေးအတွက် ပြည်သူတွေဦးဆောင်ပြီး လုပ်နိုင်မည့် Citizen Led Assessment ကို လုပ်နိုင်ရန်ဖြစ်ကြောင်း၊ NFE Consortium အစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ကြကြောင်း၊ ပညာရေးလုပ်ဆောင်နေသာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ စိတ်ဝင်စားသော အဖွဲ့အစည်းများ ပါဝင်နိုင်ပါကြောင်း ဦးမြင့်ငွေက တင်ပြခဲ့သည်။<br><br>• 09 42502 7592, myintngwe.oyin@gmail.com |
| • **Golden Plain**<br><br>• အဖွဲ့အနေဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး နည်းပညာအကူအညီပေးခြင်းတို့ကို အဓိကလုပ်ဆောင်နေကြောင်း၊ ကိုဗစ်ကာလတွင် Knowledge Sharing အနေဖြင့် အောင်နေလင်းထွန်းကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် အွန်လိုင်းအစီအစဉ်များကို လုပ်ဆောင်နေကြောင်း၊ ၂နာရီစာဟောပြောပြီး ၁နာရီခန့်မှာ တက်ရောက်သူများနှင့် အပြန်အလှန်ဆွေးနွေးသည့်ပုံစံဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွက် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်း ခေါင်းစဉ်ဖြင့် ပြုလုပ်သွားမှာဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဖိတ်စာများကို အီးမေးဖြင့် ပုံမှန်ပေးပို့သွားမှာဖြစ်ကြောင်း၊ knowledge Share ပြုလုပ်လိုသောသူများအနေဖြင့်လည်း ဆက်သွယ်ပါဝင်နိုင်ပါကြောင်း ဒေါ်ထွေးထွေးအောင်က တင်ပြခဲ့ပါသည်။ |
| • **STUM**<br><br>• ၁၆ရက်တာ လှုပ်ရှားမှုကို Facebook page မှတဆင့်လည်း လုပ်ဆောင်နေကြောင်း၊ နိုဝင်ဘာလ ၂၅ရက်နေ့ ည ၇နာရီမှ ၉နာရီအထိတိုက်ရိုက်ထုတ်လွှင့်မည့်အစီအစဉ်လည်း ရှိကြောင်း ဦးစိုးကျော်က အသိပေးကြေညာခဲ့သည်။<br><br>• FB Page: Solidarity Trade Union of Myanmar |
| • **Loiyang Bum**<br><br>• မိုးညှင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာများ၌ ကိုဗစ်-၁၉ အသိပညာပေး Billboard များ စိုက်ထူခြင်း၊ ကာတွန်းရုပ်ပုံများ၊ စာစောင်များ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်နေကြောင်း၊ မြို့နယ်အတွင်းရှိ တနိုင်တပိုင် စီးပွားရေးလုပ်ငန်းများအတွက်ချေးငွေရရှိရန် ကူညီပေးခဲ့ကြောင်း၊ ဒီဇင်ဘာလထဲတွင် ရွာ ၃၀ရှိ အိမ်ထောင်စု ၂၄၀၀ ကို ပံ့ပိုးကူညီမှုများပြုလုပ်သွားရန် စီစဉ်နေကြောင်း၊ Quarantine Centerများ၊ ကျန်းမာရေးဆေးခန်းများကိုလည်း ပါဝင်ကြောင်း တင်ပြခဲ့သည်။ |

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အွန်လိုင်းမှတဆင့် ကျင်းပမည်ဖြစ်ပါသည်။